နှစ်ချုပ်
အစီရင်ခံစာ

# EQF

# ပညာအရည်အသွေးစစ်မှုဘောင်

၂၀၁၉ - ၂၀၂၀

B.M.W.E.C
Release the Potential

Teacher FOCUS

help without frontiers
มูลนิธิช่วยไร้พรมแดน

BMTA



# ပညာအရည်အသွေးစစ် မူဘောင်

## ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းစာသင်ကျောင်းများ၏ ပညာရေးအရည်အသွေးကို မှတ်တမ်းတင်ခြင်း

## ၂၀၁၉ - ၂၀၂၀

ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းစာသင်ကျောင်းများတွင်ရှိသော ပညာအရည်အသွေးကို မှတ်တမ်းတင်ခြင်း။ ။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး လုပ်ငန်းစဉ်တစ်လျှောက်လုံး ရွှေ့ပြောင်းပညာရေးတွင် အဓိက ပါဝင်သက်ဆိုင်သူများနှင့်တကွ တွေ့ဆုံဆွေးနွေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အပြည့်အဝ လုပ်ဆောင်ခဲ့ရာမှတစ်ဆင့် (MLCs) ရွှေ့ပြောင်းပညာရေးကျောင်းများတွင် တူညီသည့် ပညာရေး အရည်အသွေး အဆင့်အတန်းတစ်ခု ရရှိစေရန် (EQF) ပညာအရည်အသွေးစစ်မူဘောင်ကို ရေးဆွဲခဲ့ပါသည်။ ဤပညာအရည်အသွေးစစ်မူဘောင်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း စစ်းသပ်အသုံးပြုပြီးသည့်နောက်ပိုင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ရွှေ့ပြောင်းကျောင်း ၃၈ ကျောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရွှေ့ပြောင်းကျောင်း ၅၅ ကျောင်းနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရွှေ့ပြောင်းကျောင်း ၆၅ ကျောင်းတို့မှ သတ်မှတ်ထားသည့် ပညာအရည်အသွေးစနစ်ကို စစ်ဆေးရန်အတွက် အရည်အသွေးစစ်မူဘောင်ကို အသုံးပြုခဲ့ကြပါသည်။ အရည်အသွေးစစ်မူဘောင်ကို မြန်မာ၊ ထိုင်း နှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရရှိနိုင်ပြီး တိုးတက်ပြောင်းလဲနေသော ထိုင်း-မြန်မာနယ်စပ်အခြေအနေနှင့် ဆက်လက်ကိုက်ညီမှုရှိစေရန် ရွှေ့ပြောင်းကျောင်းအုပ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှဝန်ထမ်းများက တစ်နှစ်တစ်ခါ ပြန်လည်သုံးသပ်ထားပါသည်။ ပညာရေးအရည်အသွေး မူဘောင်သည် ရွှေ့ပြောင်းကျောင်းများမှ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖော်ထုတ်ပြီး နောင်ကာလတွင် ရွှေ့ပြောင်းကျောင်းများမှ ဤစိန်ခေါ်မှုများကို လျော့ချနိုင်ရန်အတွက် ဖြေရှင်းနည်းများကိုလည်း ကြိုးပမ်းပြုစုထားပါသည်။ အဓိကအားဖြင့်၊ ပညာရေးအရည်အသွေးစစ် မူဘောင်သည် ကျောင်းများတွင် အသုံးပြုသော စီမံမှုစနစ်အဆင့်ဆင့် နှင့်ပေါ်လစီများကို ဦးတည်ထားပါသည်။

## အရည်အချင်းစစ် နယ်ပယ် (၅) ခု
## တိုင်းတာမှုပေါင်း (၅၄) ခု

တာ့ခ်ခရိုင်တွင်ရှိသော ရွှေ့ပြောင်းပညာရေးကျောင်း (Migrant Learning Centers)ပေါင်း (၇၀) သည် Migrant Educational Coordination Center (MECC) နှင့် တာ့ခ်ခရိုင် အခြေခံပညာရေးဝန်ဆောင်မှု ဧရိယာ (၂) (Tak PESAO 2) လက်အောက်တွင် မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံမှ ကျောင်းသားပေါင်း (၁၁,၆၁၆) ဦးကို ပညာ သင်ကြားပေးကာရွှေ့ပြောင်းကျောင်းဆရာ(၆၆၅) ဦးကို အလုပ်ခန့်ထားပါသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရွှေ့ပြောင်းကျောင်းစုစုပေါင်း (၇၀)အနက် ၉၃%ဖြစ်သော (၆၅) ကျောင်းသည် EQF အကဲဖြတ်စစ်ဆေးမှုတွင် ပါဝင်ခဲ့ကြပါသည်။

အရည်အချင်းစစ် နယ်ပယ်(၅) ခုလုံးတွင် ပညာရေး အရည်အသွေးတိုးတက်မှုရှိပြီး စစ်တမ်းတွင် ပါဝင်ခဲ့သော ရွှေ့ပြောင်းကျောင်းများ၏ ပျမ်းမျှစံချိန် အညွှန်းမှာ (၈၇ %) ဖြစ်ပါသည်။

## ပျမ်းမျှရမှတ်စုစုပေါင်း

## 87%

| | | အရည်အချင်းစစ် နယ်ပယ် ပျမ်းမျှ | နှစ်စဉ်တိုးတက်မှုနှုန်း |
|---|---|---|---|
| 1 | ဆရာ/မ အရည်အသွေးနှင့် ပံ့ပိုးမှု | 85% | 11% |
| 2 | ကျောင်းသားများ အသိအမှတ်ပြုခံရမှု | 92% | 17% |
| 3 | ကလေးကာကွယ် စောင့်ရှောက်ရေး | 87% | 13% |
| 4 | ကျောင်းစီမံခန့်ခွဲမှု | 87% | 15% |
| 5 | မိဘ၊ဆရာ ပူးပေါင်းပါဝင်မှု | 84% | 12% |

# ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်၏ အောင်မြင်မှုများ

**665** ၁၀၀%

ဆရာ၊ဆရာမ (၁၀၀%) သည် MECC မှ ရွှေ့ပြောင်း ဆရာကဒ်များကို ရရှိခဲ့ကြ သည်။

Migrant Educational Coordination Center (MECC) မှစီစဉ်သော ထိုင်းဘာသာစကားစွမ်းရည်ပြိုင်ပွဲတွင် ရွှေ့ပြောင်းကျောင်း (၂၁) ကျောင်းမှ ကျောင်းသား၊ကျောင်းသူပေါင်း (၉၃) ဦးပါဝင်ခဲ့ပါသည်။

ရွှေ့ပြောင်းကျောင်း များကိုစီမံအုပ်ချုပ်သောသူများ၊ တစ်သီးပုဂ္ဂလ ပညာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံလုံးမှ အစိုးရဌာနများကြား ပူးပေါင်းဆောင်ရွက် မှုတိုးတက်စေရန်အတွက် MECC သည် ရွှေ့ပြောင်းကျောင်းများ၏ ကျောင်းအုပ်အားလုံးပါဝင်သောအစည်းအဝေး များကို သုံးလတစ်ကြိမ် ပြုလုပ်ပါသည်။

**651**

**ရွှေ့ပြောင်းကျောင်းသားပေါင်း** (၆၅၁) ဦးသည် ထိုင်းအစိုးရကျောင်းများသို့ အောင်မြင်စွာ ကျောင်းပြောင်းနိုင်ခဲ့ပါသည်။

-ရွှေ့ပြောင်းကျောင်းသားပေါင်း (၂၁၆) ဦးသည် မြန်မာအစိုးရကျောင်းများသို့ အောင်မြင်စွာ ကျောင်းပြောင်းနိုင်ခဲ့ပါသည်။

-IoM၊ ကရင်ပြည်နယ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တို့၏ ဘဏ္ဍာရေးပံ့ပိုးမှုဖြင့် ရွှေ့ပြောင်း ကျောင်းသား (၁၅၀) ဦးသည် မြန်မာအစိုးရ၏ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပြီး (၃၃) ဦး အောင်မြင်ခဲ့ပါသည်။

-IoMနှင့် ပူးပေါင်းပြီး ကျောင်းသား (၃၁၂) ဦးသည် မြန်မာအစိုးရစစ် (၄) တန်းစာမေးပွဲကို ဖြေဆိုခဲ့ပြီး (၁၀၀%) အောင် မြင်ခဲ့ပါသည်။

-IoM ဘဏ္ဍာရေးပံ့ပိုးမှုဖြင့် ကျောင်းသား (၁၃၀) ဦးသည် မြန်မာအစိုးရစစ် (၈) တန်းစာမေးပွဲကို ဖြေဆိုခဲ့ပြီး (၁၀၀%) အောင် မြင်ခဲ့ပါသည်။

-၂၀၁၉ ခုနှစ်တွင် BMWEC၊ မြဝတီမြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်းပြီး Cotton On Foundationနှင့် MoE တို့၏ ဘဏ္ဍာရေးအကူအညီဖြင့် ဆဋ္ဌမတန်းနှင့် တတိယတန်း သင်ရိုးသစ်မိတ်ဆက်သင်တန်းသို့ ရွှေ့ပြောင်းဒေသမှ ဆရာ၊ ဆရာမ (၁၄၂)ဦး တက်ရောက်ခွင့်ရရှိခဲ့ပါသည်။

-ရွှေ့ပြောင်းမိဘ (၃၀၈) ဦးသည် ပညာရေးအရေးပါပုံ၊ ကလေးကာကွယ်စောင့်ရှောက်ရေးနှင့် မိဘဆရာ ပူးပေါင်းပါဝင် မှုသင်တန်းကို တက်ရောက်ခဲ့ပါသည်။

# အဓိကတွေ့ရှိချက်များ

၂၀၁၉-၂၀၂၀

## ဆရာ/မ အရည်အသွေးနှင့် ပံ့ပိုးမှု

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရွှေ့ပြောင်းဆရာ/မ (၆၀၀) ဦးသည် BMTA, BMWEC, Cotton-On Foundation, TeacherFOCUS, Mae Tao Clinic နှင့် Reading and Writing for Critical Thinking (RWCT) အဖွဲ့အစည်းအသီးသီးတို့ထံမှ စွမ်းရည်တည်ဆောက်မှုသင်တန်းကို တက်ရောက်ခဲ့ပါသည်။ဤသင်တန်းများတွင်အတွေ့အကြုံရှိသောဆရာ/မများအတွက်သင်တန်း၊ ကလေး ကာကွယ် စောင့်ရှောက်ရေး သင်တန်းနှင့် သင်ရိုးညွှန်းတမ်းသင်တန်းများ ပါဝင်ပါ သည်။ ယေဘုယျအားဖြင့် မြန်မာ့ပညာရေးဝန်ကြီးဌာနမှ ပြုပြင်မွမ်းမံထားသော သင်ရိုး ညွှန်းတမ်း အတွက်သင်တန်းကို ဆရာ/မ (၁၂၄) ဦးထက်မက တက်ရောက်ခဲ့ပါသည်။

တစ်ချိန်ထဲတွင် ဆရာ/မအသစ်များကိုအလုပ်ခန့်ရန်နှင့် ရှိပြီးသားဆရာ/များကို အလုပ်ဆက်ခန့်ရန် ရွှေ့ပြောင်းပညာရေးကျောင်းများအတွက် ရံပုံငွေများ ဆက်လက်လိုအပ်လျက်ရှိပါသည်။ ကျောင်းများအတွက် လိုအပ်သော ဆရာ/မ ပမာဏလုံလောက်မှုမရှိပါက ရှိနေပြီးသား ဆရာ/မ များအတွက် ဝန်ထုပ်ဝန်ပိုး ပိုများလာမည်ဖြစ်ပြီး၊ သူတို့၏ကျောင်းများတွင်ရှိသော ကျောင်းသူ/သားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော စွမ်းရည်နိမ့်ကျလာမည်ဖြစ်သည်။

## ကျောင်းသားများ အသိအမှတ်ပြုခံရမှု

ရွှေ့ပြောင်းကျောင်းသူ/ကျောင်းသားများအတွက် ထိုင်းကျောင်းပြင်ပ ပညာရေး (NFE)၊ မြန်မာ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် မြန်မာ ကျောင်းပြင်ပ အလယ်တန်းပညာရေး၊ ပညာအရည်အ သွေးအာမခံအဖွဲ့ (EQAB) ၏ စာမေးပွဲများ၊ မြန်မာအစိုးရစစ် (၄) တန်း၊ (၈) တန်းနှင့် (၁၀) တန်းစာမေးပွဲများ စသည့် အသိအမှတ်ပြုထားသော ပညာရေးလမ်းကြောင်း (၄)ခုရှိပါသည်။ ရွှေ့ပြောင်းကျောင်း (၉၇%) သည် ထိုင်း သို့မဟုတ် မြန်မာအထက်တန်း ပညာရေးကို ဦးတည် သော အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများကို အသုံးပြုပါသည်။ ဤပညာသင်နှစ်တွင် ကျောင်းသူ/ကျောင်းသား (၂၁၆) ဦးအား မြန်မာအစိုးရကျောင်းများသို့ အောင်မြင်စွာ ကျောင်းပြောင်းပေး နိုင်ခဲ့ပြီး (၆၅၁) ဦးသည် ထိုင်းအစိုးရကျောင်းများတွင် ကျောင်းအပ်နှံနိုင်ရန်အတွက် အထောက်အပံ့များ ရရှိခဲ့ကြပါသည်။

ပညာရေးစနစ်များအကြားတွင် ကျောင်းအကူးအပြောင်းအစီအစဉ်သည် တစ်ခါတစ်ရံတွင် ရွှေ့ပြောင်းမိဘများအတွက် ရှင်းလင်းမှုမရှိသည့်အတွက် ဒေသအဆင့်တွင် ပိုမိုနားလည်သဘော ပေါက်အောင် လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။ ကျောင်းအကူးအပြောင်း အစီအစဉ်များကို နောက်ထပ် လေ့လာဖော်ထုတ်ရမည်ဖြစ်ပြီး မိဘများနှင့် ကျောင်းသားများကို တိကျသေချာစွာ အသိပေးရန်လိုအပ်ပါသည်။

## ကလေးကာကွယ် စောင့်ရှောက်ခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဆရာ/မ နှင့် မိဘများစုစုပေါင်း (၇၀၈) ဦးခန့်သည် BMTA, BMWEC, မယ်တော်ဆေးခန်း၊ HWF နှင့် အခြားသော အဖွဲ့အစည်းများမှပေးသော ကလေး ကာကွယ်စောင့်ရှောက်ရေး သင်တန်းများတက်ရောက်ခဲ့ကြပါသည်။ ယေဘုယျအားဖြင့် ရွှေ့ပြောင်းကျောင်းများသည် ကျောင်းသားများ ပညာသင်ကြားရန်အတွက် ဘေးကင်းလုံခြုံမှု ရှိခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်းနှင့် စည်းစနစ်တကျလည်ပတ်နေသော နေရာများအဖြစ် လေ့လာ တွေ့ရှိ ခဲ့ပါသည်။

ပညာသင်နှစ် နှစ်စတိုင်းတွင် ကျောင်းများအားလုံးတွင်ရှိသောဝန်ထမ်းများအတွက် ကလေးကာ ကွယ်စောင့်ရှောက်ရေး အကူအညီများနှင့် သင်တန်းများကို ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် စံချိန်စံညွှန်းပိုမိုကိုက်ညီအောင် ဆောင်ရွက်ပေးရန် အကြံပြုထားပါသည်။

## ကျောင်းစီမံခန့်ခွဲမှု

ရွှေ့ပြောင်းကျောင်းများ စီမံခန့်ခွဲရေးအဖွဲ့များသည် ကျောင်းသား၊သူများ၏ ကျောင်းခေါ်ချိန်နှင့် ပညာရေးမှတ်တမ်းများကို ပုံမှန်ထိန်းသိမ်းထားပါသည်။ MLCs ကျောင်းများမှ (၉၁%) သည် အချက်အလက်များကို ညှိနှိုင်းဆောင် ရွက်ပေးရန်အတွက် တာဝန်ခံ တစ်ယောက်ရှိပြီး ကျောင်းပြင်ပ ရောက် ကလေးများအား MLCs ကျောင်းများတွင် ကျောင်းအပ်နှံနိုင်ရန်အတွက် ကလေး များကို စုဆောင်းရာတွင်ပိုမိုကောင်းမွန်သော ပူးပေါင်းပါဝင်မှုရှိပါသည်။
ရွှေ့ပြောင်းကျောင်း ပညာရေးနှင့်ဆိုင်သော အချက်အလက်များကို ထိန်းသိမ်းထားရန်အတွက် ပိုမိုလုံခြုံပြီး အွန်လိုင်းပေါ် အခြေခံသောအချက်အလက်များရရှိရန် လိုအပ်မှု ရှိနေပါသေးသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကျောင်းစီမံခန့်ခွဲသူများကို ပြီးပြည့်စုံသော သင်တန်းများပို့ချ ပေးရန်လည်း လိုအပ်ပါသည်။ ကျောင်း ထွက်သွားသော ကျောင်းသား၊သူများ၏ အခြေအနေကို နားလည် သဘောပေါက်ရန် အရည်အသွေးစံနည်းနာ အချက်အလက်များ ပိုမိုလိုအပ်ပါသည်။

## မိဘပူးပေါင်းပါဝင်မှု


ရွှေ့ပြောင်းကျောင်းအများစုသည် မိဘဆရာ အစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြုလုပ်ကြကာ စည်းစနစ်ကျသော စနစ်တစ်ခုရှိပြီး မိဘပူးပေါင်းပါဝင်မှု နှုန်းတိုးမြှင့်လာပါသည်။ ရွှေ့ပြောင်းကျောင်း အများစုတွင် ကိုယ်ပိုင်ဝင်ငွေရှာဖွေနိုင်သော အစီအစဉ် များ သို့မဟုတ် ငွေကြေးထောက်ပံ့မှု နည်းလမ်း တစ်ခုထက်မကရရှိရန်အတွက် ဒေသအတွင်း ထောက်ပံ့သော ကျောင်းရံပုံငွေများလည်း ရှိပါသည်။
မိဘဆရာ များအတွက် မိဘပူးပေါင်းပါဝင်မှုပိုမိုရရှိရန် အရေးကြီးပါသည်။ ကျောင်းများ၏ အင်အားတစ်ခုမှာ မိဘများသည် ကျောင်းဝန်ထမ်းများနှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူပြီး အနာဂါတ်ပညာရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို အသိပေးအကြောင်းကြား နိုင်ခြင်းပင်ဖြစ်သည်။

## နှစ်စဉ် တိုးတက်မှု

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပူးပေါင်းပါဝင်သော MLC (၃၈) ကျောင်း၏ EQF ယေဘုယျ ပျမ်းမျှ ရမှတ်မှာ (၇၄%) ဖြစ်ပါသည်။
၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် MLC ကျောင်း နောက်ထပ် (၁၆) ကျောင်း ပူးပေါင်း ပါဝင်ခဲ့ပြီး ကျောင်းပေါင်း (၅၄) ကျောင်း၏ ယေဘုယျ ရမှတ်မှာ (၇၀%) ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပညာရေး အရည်အသွေး၏ ယေဘုယျ ပျမ်းမျှ ရမှတ်မှာ (၈၄%) အထိတိုးမြှင့်လာခဲ့ကြောင်း သိသာထင်ရှားစွာ တွေ့မြင်ရပါသည်။ ဤတိုးတက်မှုသည် ပညာ ရေးအရည်အသွေး အကဲဖြတ်စစ်ဆေးမှု ဒုတိယနှစ် သို့မဟုတ် တတိယ နှစ်တွင် ပူးပေါင်းပါဝင် သောကျောင်းများ၏ ရလဒ်တစ်ခုပင်ဖြစ်သည်။

EQF ဒေတာ သုံးနှစ်တာအတွင်း အကျဉ်းချုပ်ပြပုံစံကားချပ်



# ကျောင်းသား၊သူများ ကျောင်းပြီးမြောက်အောင်မြင်မှု -

## MLCs နှင့် မြန်မာစာသင်ကျောင်းများ မည်ကဲ့သို့ ကွာခြားသနည်း။?


အထက်တန်းကျောင်း ပြီးမြောက် အောင်မြင်သော ရွှေ့ပြောင်းကျောင်း သားများသည် အသက်မွေးဝမ်းကြောင်းနှင့် ပညာရေးလမ်းကြောင်း များအတွက် အခွင့်အရေးရှိသော်လည်း များစွာသော ရွှေ့ပြောင်း ကျောင်းသားများသည် အထက်တန်းကျောင်းပြီးမြောက် အောင်မြင်ရန် အခွင့်အရေးမရရှိကြပါ။ ကောင်းမွန်သော ပညာရေး စနစ်တစ်ခု၏ သွင်ပြင်လက္ခဏာကို နှစ်စဉ်ကျောင်းအပ်နှံသော ကျောင်းသားအရေ အတွက်ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ကျောင်းသားများ၏ ကျောင်းပြီးမြောက်အောင်မြင်မှုသည် တစ်သမတ်တည်း ရှိပါက အတန်းတစ်တန်းစီတွင် ကျောင်းအပ်နှံမှုတူညီမည်ဖြစ်ပြီး ဇယားကွက်သည် ထောင့်မှန်စတုဂံပုံစံဖြစ်လာပါလိမ့်မည်။ သို့သော်လည်း အတန်းတစ်တန်း မှ နောက်တစ်တန်းသို့တက်သွားတိုင်း ကျောင်းအပ်နှံမှုနှုန်း လျော့ကျသွား ပါက၊ ကလေးများသည် ကျောင်းဆက်မတက်တော့ဘဲ ကျောင်းထွက်သွားကြသည်ကို ဖေါ်ပြထားပါသည်။ တာ့ခ်ခရိုင် တွင်ရှိသော ရွှေ့ပြောင်းပညာရေး အနေဖြင့် ကျောင်းအပ်နှံမှု နှုန်းသည် ထောင့်မှန်စတုဂံပုံမဟုတ်ဘဲ တြိဂံ ပုံစံ ဖြစ်နေသည့် သဘောမှာ ကျောင်းသားများသည် ပထမတန်းမှစ၍ ကျောင်းစထွက်သောကြောင့် ဖြစ်သည်။

ရွှေ့ပြောင်းကျောင်း (MLCs) များကဲ့သို မြန်မာနိုင်ငံတွင်ရှိသော အစိုးရ ကျောင်းများတွင် ကျောင်းသား၊သူများ ကျောင်းပြီးမြောက် အောင်မြင်မှု သည် အလားတူသော စိန်ခေါ်မှုမျိုး ကြုံတွေ့နေရပါသည်။

၂၀၁၉ ခုနှစ်တွင် ရွှေ့ပြောင်းကလေးများနှင့် မိဘများအပေါ် ပြုလုပ် သော သုတေသန အပြည့်အစုံ၏ ရှာဖွေတွေ့ရှိချက်အရ ကျောင်းသား၊သူများ ကျောင်းထွက်နှုန်း များရခြင်း၏ အကြောင်းအရင်းမှာ သူတို့သည် မိသားစုကို ထောက်ပံ့ရန် အလုပ်ဝင်လုပ်ရခြင်း သို့မဟုတ် မိဘများ အလုပ်လုပ်ရန်အတွက် အိမ်တွင် ညီငယ်၊ ညီမငယ်များကို စောင့်ရှောက်ရခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဤစီးပွားရေး အခက်အခဲကြောင့် မိမိကိုယ်ကိုကာကွယ်နိုင်မှုအားနည်းသော ရွှေ့ပြောင်းကလေးများ၏ ပညာရေးကို ချိုးနှိမ်ထားပါသည်။ အဖက်ဖက် မှ ကြုံတွေ့နေရသော ဤစိန်ခေါ်မှုကို ရင်ဆိုင်ဖြေ ရှင်းရန် အရေးတကြီး လိုအပ်နေပါသည်။ ရွှေ့ပြောင်း မိသားစုများ၏ ဆင်းရဲနွမ်းပါးမှု သံသရာကို လျော့ချရန်အတွက် ပညာရေးသည် အဓိက သော့ချက်ပင် ဖြစ်သည်။


### ရွှေ့ပြောင်းကျောင်းသားများ၏ အတန်းလိုက် ကျောင်းအပ်နှံမှု

ဒီဇင်ဘာလ ၂၀၁၉




### Myanmar School Enrollment by Grade

2016-2017




***Sources:***

*https://tradingeconomics.com/myanmar/enrolment-in-grade-5-of-primary-education-both-sexes-number-wb-data.html*

*https://www.teacherfocusmyanmar.org/advocacy-resources*

*Migrant Educational Coordination Center. (2019). MLC Educational Data. Available upon request.*

# အဓိက အကြံပြုချက်များ

## ရေရှည်တည်တံ့ရေးအတွက် ရံပုံငွေကို တစ်ခုထက်ပိုပြီး ရရှိရန်

ရွှေ့ပြောင်းကျောင်းသားများသည် အနာဂတ်အတွက် ရွေးချယ်မှုပေးနိုင်သော အသိအမှတ်ပြု ပညာရေးကို ရရှိရန် အလွန်အရေးကြီးပါသည်။ ရွှေ့ပြောင်းကျောင်းများရှိ ပညာရေးစနစ်သည် ရွှေ့ပြောင်းကလေးများအား အသိအမှတ်ပြုလက်မှတ်ရရှိရန်နှင့် သူတို့အား မြန်မာနိုင်ငံတွင် ပညာသင်ကြားနိုင်ရန် ကူညီပေးပါသည်။ ရွှေ့ပြောင်းကျောင်းများသည် ဆရာ၊မများကို ဆက်လက်ခန့်အပ်ရန်၊ ဘေးကင်းလုံခြုံသောအခြေခံ အဆောက်အအုံနှင့် ရေရှည်တည်တံ့သော လုပ်ဆောင်နိုင်စွမ်းရှိရန် အလှူရှင်များ၏ ရေ့ဆက်အထောက်အပံ့များကို ကျယ်ပြန့်စွာ လိုအပ်ပါသည်။ တစ်ခုထက်ပိုပြီး ရန်ပုံငွေရရှိခြင်းဖြင့် ရွှေ့ပြောင်းကျောင်းများသည် ဆင်းရဲချို့တဲ့သော ရွှေ့ပြောင်းကျောင်းသား ထောင်ပေါင်းများစွာအတွက် အရည်အသွေး ပြည့်ဝပြီး အသိအမှတ်ပြုထားသော ပညာရေးကို ဆက်လက်သင်ကြားပေးနိုင်မည်ဖြစ်သည်။

## အစိုးရ၏ချိတ်ဆက်မှုကို ပိုမိုကောင်းမွန်စေရန်

ရွှေ့ပြောင်းဆရာ၊မများအား တရားဝင်အသိအမှတ်ပြုရေးအတွက် မြန်မာ နှင့် ထိုင်းပညာရေးဝန်ကြီးဌာနများ၏ ရှေ့ဆက် ပူးပေါင်းပါဝင်မှုများ လိုအပ်ပါသည်။ ထို့မှုမက ဆရာ၊မများသည် အသိအမှတ်ပြုထားသော စွမ်းရည်တည်ဆောက်မှုသင်တန်းများကို ပိုမိုတက်ရောက်နိုင်သော အခွင့်အရေးရရှိရန် ရံပုံငွေသီးသန့် လိုအပ်ပါသည်။ အရည်အသွေးပြည့်မီသော ရွှေ့ပြောင်းဆရာ၊မများကို တရားဝင်အသိအမှတ်ပြုခြင်းသည် ဆရာ၊မများသာမက ရွှေ့ပြောင်းကျောင်းသူ၊ကျောင်းသားများအား လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသူများအဖြစ် ဖော်ဆောင်ပေးနိုင်ပါသည်။

## ထိရောက်သောနည်းလမ်းများဖြင့် ပြီးပြည့်စုံသည့်ပညာရေးလမ်းကြောင်းများကို ချပြရန်

ကျောင်းသားများအတွက် ပညာရေးစနစ်တစ်ခုမှတစ်ခုအကြား ကူးပြောင်းပေးသော နည်းလမ်းများကို မှတ်တမ်းမှတ်ရာ ထားရှိရန်လိုအပ်ပြီး မိဘများနှင့် ကျောင်းသားများကို အသိပေးအကြောင်းကြားရန် လိုအပ်ပါသည်။ ရွှေ့ပြောင်းကျောင်းသားများအား ၎င်းတို့၏ ရွေးချယ်မှုအရ ကျောင်းအပ်နှံရန်၊ ကျောင်းပြောင်းပေးရန်နှင့် တက်ခဲ့သောကျောင်းတွင် ပညာဆက်လက်သင်ကြားရန် ဘာသာစကားမျိုးစုံအကူအညီ လိုအပ်ပါသည်။ တရားဝင်စာရွက်စာတမ်းမရှိသော ကျောင်းသား၊သူများ မြန်မာ သို့မဟုတ် ထိုင်းပညာရေးတွင် ကျောင်းအပ်နှံနိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ပေးရန် အရေးကြီးပါသည်။

## ကလေးကာကွယ်စောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှုကို တိုးချဲ့ရန်

ပညာသင်နှစ် နှစ်စတိုင်းတွင် စံနှုန်းစံထားနှင့်ကိုက်ညီသော ကလေးကာကွယ်စောင့်ရှောက်ရေး သင်တန်းများမှတစ်ဆင့် ရှိနေပြီးသား ကလေးကာကွယ်စောင့်ရှောက်ရေး ကွန်ယက်များကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်နိုင်ပါသည်။ ထို့မှုမက၊ ပညာရေးတွင် အဓိကပါဝင်ပတ်သက်သူများသည် ရွှေ့ပြောင်းကျောင်းများနှင့်ပက်သက်သော လူမှုအသိုင်းအဝိုင်းများတွင်ရှိသော မိဘများနှင့်အုပ်ထိန်းသူအရေအတွက်အမြောက်အများထံသို့ ကလေးကာကွယ်စောင့်ရှောက်ရေးသင်တန်းများ တိုးချဲ့ပို့ချပေးရန်အတွက် ရန်ပုံငွေ လျာထားရန် လိုအပ်ပါသည်။

## ပညာရေးအချက်အလက်စီမံခန့်ခွဲမှုကို မွမ်းမံပြင်ဆင်ရန်

အွန်လိုင်းကိုအခြေခံသော ပညာရေးအချက်အလက်များကို ထိန်းသိမ်းထားရန်အတွက် ရန်ပုံငွေကို ခွဲဝေသတ်မှတ်ရန်လိုအပ်ပါသည်။ ရွှေ့ပြောင်း ကျောင်းများတွင်ရှိသော အချက်အလက်များအားလုံးကို ချိတ်ဆက်ပေးပြီး ဗဟို၌ချုပ်ကိုင်ထားသော အချက်အလက်များသည် ကျောင်းသား၊ သူများ၏ သတင်းအချက်အလက်များကို ခြေရာခံရာတွင်ပိုမိုလွယ်ကူသည့်အတွက် ကျောင်းသား၊သူများ၏ ပညာရေးတိုးတက်မှုနှင့် ကျောင်းပြီးမြောက် အောင်မြင်မှုကို ရှင်းလင်းတိကျစွာ နားလည်သဘောပေါက်နိုင်ပါသည်။ ကျောင်းသားများနှင့် ရွှေ့ပြောင်း ကျောင်းများ၏ အချက်အလက်များကို အရည်အသွေး ပြည့်မီစွာ မှတ်တမ်းမှတ်ရာ ထားရှိနိုင်ရန်အတွက် အချက်အလက် ထိန်းသိမ်းစောင့်ရှောက်မှုသင်တန်း လိုအပ်ပါသည်။

## မိဘပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်

PTA ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် အရင်းအမြစ်များ ပိုမိုလိုအပ်ပါသည်။ ပညာရေးတွင် ပါဝင်ပတ်သက်သူများသည် ကျောင်းသားများနှင့် မိသားစုများ၏ လိုအပ်ချက်နှင့်ကိုက်ညီမှုရှိသော ပညာရေး အခွင့်အလမ်းများနှင့် ပညာရေးလမ်းကြောင်းများကို သိစေရန်အတွက် ဒေသကိုကျော်လွန်သောအထောက်အကူပေးခြင်းကို တိုးချဲ့ရန် လိုအပ်ပါသည်။

Migrant Educational Co-ordination Center(MECC) သည် တာ့ခ်ခရိုင် အခြေခံပညာရေးဝန်ဆောင်မှု ဧရိယာ (၂)အောက်တွင်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ MECCသည် ရွှေ့ပြောင်းပညာရေးကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ နှင့် အစိုးရအဖွဲ့များအကြား ချိတ်ဆက်ပေါင်း ကူးပေးသည်။ ရွှေ့ပြောင်းကျောင်းများသည် MECC၏ အောက်တွင် စာရင်းသွင်းထားပြီးဖြစ်သည်။ ဆက်သွယ်ရန် - https://www.facebook.com/Migrant-Educational-Coordination-Center-TAK-PESAO-2-217234099046282/

Burmese Migrant Workers’ Education Committee (BMWEC) သည်ထိုင်းနိုင်ငံ၊ မဲဆောက် မြို့တွင်ရှိ သော ရွှေ့ပြောင်းမိသားစုများ၏ ကျောင်းနေရွယ်ကလေးများအား ပံ့ပိုးပေးနေသော ဒေသတွင်း အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ BMWECသည် ၂၀၀၀ခုနှစ်တွင် စတင်ခဲ့ပြီး၊ တာ့ခ်ခရိုင်အတွင်းရှိ ရွှေ့ပြောင်းကျောင်း (၂၃) ကျောင်းအား ကြီးကြပ်ပေးနေသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ BMWEC အနေဖြင့် ကျန်းမာ၊ ပျော်ရွှင်ပြီး အနာဂတ်လှပသော ကျောင်းသား၊သူများ မွေးထုတ် ပေးနိုင်ရန် ရွှေ့ပြောင်းကလေး ငယ်များ အား အရည်အသွေးပြည့်မသော ပညာရေး ပံ့ပိုးပေးနိုင်မှုကို တစ်တတ်တစ်အား လုပ်ဆောင်လျှက်ရှိသည်။ ဆက်သွယ်ရန် http://www.bmwec.org

Help without Frontiers Thailand Foundation (HwF) သည် ဆင်းရဲနွမ်းပါးမှု၊ ခွဲခြားခံရမှုနှင့် အကြမ်း ဖက်ခံရမှုများ၏ အဓိကပြဿနာအရင်းအမြစ်ကို ပညာရေး၊ လူငယ်တိုးတက်ရေး၊ ကျန်းမာရေး၊ ကလေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့မှုအတွက် လူမှုအကျိုးပြု လုပ်ငန်းများမှ တစ်ဆင့် တိုက်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်တွင် ကလေးများ၊ လူငယ်များနှင့် သူတို့၏ဒေသအတွက် ပိုမိုကောင်းမွန်သော အနာဂတ် ဖြစ်လာစေရန် အခွင့်အရေးများပေးပြီး ကူညီလုပ်ဆောင်ပါသည်။ ဆက်သွယ်ရန်- https://helpwithoutfrontiers.org

The Burmese Migrant Teachers’ Association (BMTA) သည် ဒေသအတွင်းနှင့် နိုင်ငံတကာမှ ပညာ ရေးလုပ်ဆောင်သော သူများနှင့် ပူးပေါင်း၍ လှုံ့ဆော်ပေးခြင်းဖြင့် ဆရာများ၏ အခွင့်အရေးများ မြင့်တက်လာစေရန် လုပ်ဆောင်ပါသည်။ BMTA မှ စည်းလုံးမှုနှင့် ဆရာများ၏ တန်ဖိုးကို မြှင့်တင်ပေးနိုင် ရန် ဆရာ၊ဆရာမအရည်အသွေးမြှင့် သင်တန်းများနှင့် အုပ်ချုပ်မှုသင်တန်းများ စီမံပေးခြင်းဖြင့် ဆရာ၊ ဆရာမများ ၏ပုံရိပ်ကို ပိုမိုမြင့်တက်လာစေပါသည်။
ဆက်သွယ်ရန် - https://www.facebook.com/migrant.teachers

TeacherFOCUS Myanmar သည် မြန်မာနိုင်ငံပညာရေးစနစ်အပေါ်တွင် အခြေခံ၍ မြန်မာဆရာ၊ ဆရာမများကဲ့သို့ အကျိုးခံစားခွင့်မရသော ဆရာ၊ဆရာမများ၏ အသိအမှတ်ပြုခံရမှုအတွက် သင့်တင့်လျှောက်ပတ်သော နည်းလမ်းများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ကဏ္ဍအလိုက် အရည်အသွေး မြှင့်တင်မှုများ၊ မီဒီယာအခြေပြုပြဿနာ ဖြေရှင်းခြင်းများနှင့် အချက်အလက်များ အသုံးပြု၍ လှုံ့ဆော်ပေးမှုများ အသုံးပြုပြီး ဆရာ၊ဆရာမများအတွက် အကျိုးသက်ရောက်မှုရှိစွာဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ပေါင်းစည်းမှုအား မြှင့်တင်ပေးရန် ဖြစ်ပါသည်။ ဆက်သွယ်ရန် - www.teacherfocusmyanmar.org